| Thursday | **Lesson (1 )**<br>Blǎnmè | **Listening story**<br>Sǔ̽tein |
| Friday | **Review Lesson (1)** | **Review** |

| ဇွန်လ တတိယအပတ် | | |
|---|---|---|
| Theme -လိပ်ပြာ | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (2 )**<br>hw | **Share Reading**<br>Pipǎ atahtǔhtan |
| Thursday | **Lesson (2 )**<br>dǒ̽mǎ | **Listening Story**<br>Khǐ̽ raòngǎ |
| Friday | **Review Lesson (2)** | **Review** |

| ဇွန်လ (စတုတ္ထအပတ်) | | |
|---|---|---|
| Theme - ရိုးရာအစားအစာ | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (3 )**<br>lw | **Share Reading**<br>Phǒ̽n an tǎtein |
| Thursday | **Lesson (3 )**<br>hòpǎ | **Listening Story**<br>Yǔ̽ dò Pramu baleǐn |
| Friday | **Review Lesson (3)** | **Review** |

| ဇူလိုင်လ (ပထမအပတ်) | | |
|---|---|---|
| Theme - ရိုးရာအစားအစာ | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (4 )**<br>rw | **Experience Story**<br>အစာစားကြစို့ |
| Thursday | **Lesson (4 )**<br>hǒ̽ | **Listening Story**<br>Picǎphao dò Dyǎncon |
| Friday | **Review Lesson (4)** | **Review** |

| ဇူလိုင်လ (ဒုတိယအပတ်) | | |
|---|---|---|
| Theme - အလံအကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (5 )**<br>sw | **Share Reading**<br>Pra khauklaodau dò niphǔcǔ |
| Thursday | **Lesson (5 )**<br>pǔba | **Listening Story**<br>Pra kaǔͯphwiͯ |
| Friday | **Review Lesson (5)** | **Review** |

| ဇူလိုင်လ (တတိယအပတ်) | | |
|---|---|---|
| Theme - အလံအကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (6 )**<br>thw | **Experience story**<br>အရောင်လေးတွေရှာကြစို့ |
| Thursday | **Lesson (6 )**<br>Pǔdaǔͯ | **Listening Story**<br>Htwî dò Khǔͯ |
| Friday | **Review Lesson (6)** | **Review** |

| ဇူလိုင်လ (စတုတ္ထအပတ်) | | |
|---|---|---|
| Theme - အပင်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (7 )**<br>htw | **Share Reading**<br>Bî an thônthā pè |
| Thursday | **Lesson (7 )**<br>marǎ | **Listening Story**<br>Sǔͯtawa (pinlè) syǔͯnkha marǎ? |
| Friday | **Review Lesson (7)** | **Review** |

| ဇွန်လိုင်လ (ပဥ္စမ အပတ်) |
|---|
| ဇွန်လနှင့် ဇူလိုင်လ ပြန်လှန်သင်ကြားခြင်း |

| ဩဂုတ်လ (ပထမအပတ်) | | |
|---|---|---|
| Theme - အပင်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (8 )**<br>kw | **Experience story**<br>အပင်စိုက်ကြစို့ |
| Thursday | **Lesson (8 )**<br>Lǎmǎkhein | **Listening Story**<br>Khlwiͯ |
| Friday | **Review Lesson (8)** | **Review** |

| | | |
|---|---|---|
| ဩဂုတ်လ (ဒုတိယအပတ်) | | |
| Theme - မျှစ်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (9 )**<br>khw | **Share Reading**<br>Lauͯ Taphaǒtathā |
| Thursday | **Lesson (9 )**<br>pǔbòn | **Listening Story**<br>Ariͯhǎ acǎ nè |
| Friday | **Review Lesson (9)** | **Review** |

| | | |
|---|---|---|
| ဩဂုတ်လ (တတိယအပတ်) | | |
| Theme - မျှစ်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (10 )**<br>Nw | **Experience story**<br>အကြီး၊ အသေးစီကြစို့ |
| Thursday | **Lesson (10 )**<br>doͯ …. kaǔ | **Listening Story**<br>Tathakhaingòn mè nanwǎ ciprǎ |
| Friday | **Review Lesson (10)** | **Review** |

| | | |
|---|---|---|
| ဩဂုတ်လ (စတုတ္ထအပတ်) | | |
| Theme - ကြက်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (11 )**<br>mw | **Share Reading**<br>suͯmaoͯ dò a cû |
| Thursday | **Lesson (11 )**<br>ba….. mè | **Listening Story**<br>Yaò |
| Friday | **Review Lesson (11)** | **Review** |

| | | |
|---|---|---|
| စက်တင်ဘာလ (ပထမအပတ်) | | |
| Theme - ကြက်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (12 )**<br>pw | **Experience story**<br>ကြက်ဖခွပ်ကြစို့ |
| Thursday | **Lesson (12 )**<br>doͯ ….. klǎ | **Listening Story**<br>Tasai suͯswî |
| Friday | **Review Lesson (12)** | **Review** |

| | | |
|---|---|---|
| စက်တင်ဘာလ (ဒုတိယအပတ်) | | |
| Theme - ဖားစည်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (13 )**<br>phw | **Share Reading**<br>Khǐ kaklan ya. |
| Thursday | **Lesson (13 )**<br>coͯ | **Listening Story**<br>Tamangaǒ syuͯn |
| Friday | **Review Lesson (13)** | **Review** |

| စက်တင်ဘာလ (တတိယအပတ်) | | |
|---|---|---|
| Theme- ဖားစည်အကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (14 )**<br>yw | **Experience story**<br>ဖားစည်အကာ ကကြစို့ |
| Thursday | **Lesson (14 )**<br>thamǎ | **Listening Story**<br>Klau |
| Friday | **Review Lesson (14)** | **Review** |

| စက်တင်ဘာလ (စတုတ္ထ အပတ်) | | |
|---|---|---|
| ဩဂုတ်နှင့် စက်တင်ဘာလ ပြန်လှန်သင်ကြားခြင်း | | |
| အောက်တိုဘာလ (ပထမအပတ်) | | |
| Theme- မွေးမြူရေးအကြောင်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (15 )**<br>bw | **Share Reading**<br>Baû htaò baû sû̽ |
| Thursday | **Lesson (15 )**<br>mò | **Listening Story**<br>Htaubaǔ dò Htwîhan |
| Friday | **Review Lesson (15)** | **Review** |

| အောက်တိုဘာလ (ဒုတိယအပတ်) | | |
|---|---|---|
| Theme- မွေးမြူရေး | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (16 )**<br>ngw | **Experience story**<br>ဗိုလ်၊ လင်မယား၊ လှေ၊ မိသားစုကစားနည်း |
| Thursday | **Lesson (16 )**<br>cwaǐmǎ | **Listening Story**<br>Paǔ arîakaǐ |
| Friday | **Review Lesson (16)** | **Review** |

| အောက်တိုဘာလ (တတိယအပတ်) | | |
|---|---|---|
| Theme- ရိုးရာတူရိယာ | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (17 )**<br>pr | **Share Reading**<br>Tharŏn dau |
| Thursday | **Lesson (17)**<br>mwaǐdŏ̽.....acǎ | **Listening Story**<br>Htwaǐ dò Hwasòn dŏnphao |
| Friday | **Review Lesson (17)** | **Review** |

| နိုဝင်ဘာလ (ပထမအပတ်) | | |
|---|---|---|
| Theme⁻ ရိုးရာတူရိယာ | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (18 )**<br>kr | **Experience story**<br>**သီချင်းဆိုကြစို့** |
| Thursday | **Lesson (18 )**<br>bǎ.....khǎ | **Listening Story**<br>Maphu saô thá, Makrǎ saô kaǔ̽ |
| Friday | **Review Lesson (18)** | **Review** |

| နိုဝင်ဘာလ (ဒုတိယအပတ်) | | |
|---|---|---|
| Theme⁻ ကျန်းမာရေး | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (19 )**<br>hy | **Share Reading**<br>Tahaitabaǔ ngǎ |
| Thursday | **Lesson (19 )**<br>dô̽……lòn | **Listening Story**<br>Aɨ dò pǐmaô̽prǎ |
| Friday | **Review Lesson (19)** | **Review** |

| နိုဝင်ဘာလ (တတိယအပတ်) | | |
|---|---|---|
| Theme⁻ ကျန်းမာရေး | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (20 )**<br>ky | **Experience story**<br>လေ့ကျင့်ခန်းအတူလုပ်ကြစို့ |
| Thursday | **Lesson (20 )**<br>dô̽…..kahti | **Listening Story**<br>Yǔ̽ bi ngòn ngaô̌ |
| Friday | **Review Lesson (20)** | **Review** |

| နိုဝင်ဘာလ (စတုတ္ထ အပတ်) |
|---|
| အောက်တိုဘာလနှင့် နိုဝင်ဘာလ ပြန်လှန်သင်ကြားခြင်း |

| ဒီဇင်ဘာလ (ပထမအပတ်) | | |
|---|---|---|
| Theme - ရိုးရာကစားနည်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (21 )**<br>khy | **Share Reading**<br>Cein Bloncǔ |
| Thursday | **Lesson (21 )**<br>khlô̽ndò | **Listening Story**<br>Lǎ kaǐ dò Tarǎ? |
| Friday | **Review Lesson (21)** | **Review** |

| ဒီဇင်ဘာလ (ဒုတိယအပတ်) | | |
|---|---|---|
| Theme - ရိုးရာကစားနည်း | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (22 )**<br>ty | **Share Reading**<br>Khaǔ kacǔ hỗpǎ? |
| Thursday | **Lesson (22 )**<br>pè | **Listening Story**<br>Khaǔ Dā dò yaǒ |
| Friday | **Review Lesson (22)** | **Review** |

| ဇန်နဝါရီလ (ပထမအပတ်) | | |
|---|---|---|
| Theme - ကယန်းလနှစ်သစ်ကူး | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (23 )**<br>dy | **Experience story**<br>သင်္ဘောစီးတမ်းကစားစို့ |
| Thursday | **Lesson (23 )**<br>cǒ̽… kǒ | **Listening Story**<br>Bathá cwaǐdò citha la cǔ |
| Friday | **Review Lesson(23)** | **Review** |

| ဇန်နဝါရီလ (ဒုတိယအပတ်) | | |
|---|---|---|
| Theme - ကယန်းလနှစ်သစ်ကူး | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (24 )**<br>my | **Share Reading**<br>Tabathá |
| Thursday | **Lesson (24 )**<br>lahan | **Listening Story**<br>Htauwǎ tanithû |
| Friday | **Review Lesson (24)** | **Review** |

| ဇန်နဝါရီလ (တတိယအပတ်) | | |
|---|---|---|
| Theme - ရိုးရာအဆိုအမိန့် | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (25 )**<br>py | **Share Reading**<br>Blǎnmè |
| Thursday | **Lesson (25 )**<br>aò…hò | **Listening Story**<br>Kayǎn Nein Hhanthů̽ arîkaǐ |
| Friday | **Review Lesson (25)** | **Review** |

| ဇန်နဝါရီလ (စတုတ္ထအပတ်) | | |
|---|---|---|
| Theme - ရိုးရာအဆိုအမိန့် | | |
| | တိကျမှန်ကန်မှု (primer track) | နားလည်သဘောပေါက်မှု (story track) |
| Wednesday | **Lesson (26)**<br>khlw | **Experience story**<br>နေရာလုကြစို့ |
| Thursday | **Lesson (26)**<br>ngǎ | **Listening Story**<br>Masaû ansa |
| Friday | **Review Lesson (26)** | **Review** |

| ဖေဖော်ဝါရီလ (ပထမ အပတ်) |
|---|
| ဒီဇင်ဘာလ နှင့်ဇန်နဝါရီလ ပြန်လှန်သင်ကြားခြင်း |

# Grade-3

# ဆရာလမ်းညွှန်(သင်ကြားနည်းစနစ်များ)

## တိကျမှန်ကန်မှု (ပုံမှန်သင်ခန်းစာ)

**ပုံနှင့်သော့ချက်စကားလုံး (၁၀ မိနစ်)**

**၁။ ပုံနှင့်သော့ချက်စကားလုံးအား ကျောက်သင်ပုန်းပေါ်တွင်ရေးဆွဲခြင်း**

မိမိဖော်ပြမည့်သော့ချက်စကားလုံး၏ ပုံကိုဆွဲပါ။ ထို့နောက်ပုံ၏ အောက်တည့်တည့်တွင် သော့ချက် စားလုံးအား စာလုံးကြီးကြီးဖြင့် သေသပ်စွာရေးပါ။

**၂။ ပုံအားမိတ်ဆက်ပေးခြင်း**

ဆွဲထားသောပုံအားညွှန်ပြပြီး "ဒီပုံလေးကဘာလေးလဲ" ဟုမေးပါ။

ပြီးနောက်ကျောင်းသားအားပြန်လည်ဖြေကြားခွင့်ပေးပါ။

ပုံ၏အကြောင်းကိုမိနစ်အနည်းငယ်မျှ ဖြေရန်လည်းအားပေးပါ။

**၃။ သော့ချက်စကားလုံးအားမိတ်ဆက်ခြင်း**

ပုံအောက်မှ သော့ချက်စကားလုံးများကိုညွှန်ပြပြီး "ဒီစကားလုံးက ……….. လို့ဖတ်တယ်" လို့ပြောပြ ပါ။ ပြီးနောက်ဒီစကားလုံးကဘယ်လိုဖတ်လဲ ဟုပြန်မေးပါ။ ကျောင်းသားအားထိုစကားလုံးထပ်ဖတ်ပြ ပါ။ ကျောင်းသားနှင့်အတူဖတ်နေချိန်၌ သော့ချက်စကားလုံးအား ညွှန်ပြပြီးအနည်းငယ်ထပ်ဖတ်ပြပါ။ အကယ်၍ သော့ချက်စကားလုံး၏ အသံထွက်သည် တစ်သံထက်ပိုနေပါက "ဇယားကွက်တစ်ခု" ကို သော့ချက်စကားလုံး၏ အောက်တွင်တည်ဆောက်ပြီး "ဒီစကားလုံး၌ အသံအစိတ်အပိုင်း (၂)ခုပါရှိ တယ်" ပြောပြပါ။

သော့ချက်စကားလုံးအား ဖတ်ပြနေချိန်တွင် အသံအစိတ်အပိုင်းတစ်ခုစီညွှန်ပြပေးပါ။ အသံအစိတ်အ ပိုင်းတစ်ခုစီတွင် လက်ခုပ်တီးပြပြီး စကားအားဖတ်ပြချိန်၌ နားထောင်ပါ။ စကားလုံး၏ဝဏ္ဏ (အသံအ စိတ်အပိုင်း) တစ်ခုစီတွင် လက်ခုပ်တီးပြပြီးပြောပြပါ။ နောက်တစ်ခေါက်သင်ယူသူနှင့်အတူ စကားလုံး ဝဏ္ဏတစ်ခုစီအား လက်ခုပ်တီးပြပါ။

**၄။ စကားလုံးဖြိုခြင်းလုပ်ဆောင်မှုပြုလုပ်ချက်**

သော့ချက်စကားလုံးအားကျောက်သင်ပုန်းပေါ်၌ထပ်ရေးပါ။ ရေးသားရာတွင် သော့ချက်စကားလုံ၏ ဘယ်ဘက်တွင်ရေးပါ။ သော့ချက်စကားလုံးကိုသင်ယူသူအား ဖတ်ပြပါ။

ထို့နောက်သင်ယူသူတို့နှင့်အတူတကွဖတ်ပါ။သော့ချက်စကားလုံးထဲမှ စကားလုံးအသစ်ပါသည့် စကားလုံးအစိတ်အပိုင်းကို အောက်တွင်ရေးပါ။

"ဒီအစိတ်အပိုင်းကတော့ ……… ဖတ်တယ်လို့" ဖတ်ပြပါ။စာသင်သားများကို ဖတ်ပြပြီးနောက်သူတို့နှင့်အတူတကွ ဖတ်ပါ။

စကားလုံးအစိတ်အပိုင်းအောက်တည့်တည့်တွင်စကားလုံးအသစ်ကိုရေးချပါ။ဒါမှစာလုံးအသစ်မှာ တစ်တန်းတည်းဖြစ်နေမည်။"ဒီအစိတ်အပိုင်းကတော့ …….ဖတ်တယ်လို့" ဖတ်ပြပါ။သင်ယူသူများကို ဖတ်ပြပြီးနောက် သူတို့နှင့်အတူတကွ ဖတ်ပါ။သင်ယူသူများအား စကားလုံးခွဲခြားလုပ်ဆောင်မှုအပိုင်းအစ အဆုံးဖတ်ပြပြီးနောက် သင်ယူသူများနှင့် အတူတကွဖတ်ပါ။

**၅။ စကားလုံးတည်ဆောက်ခြင်းလုပ်ဆောင်ချက်**

ကျောက်သင်ပုန်းပေါ်တွင်စာလုံးသစ်ကို စကားလုံဖြိုခြင်း၏ ညာဘက်ခြမ်းတွင်ရေးပါ။

ကျောင်းသားများကိုဖတ်ပြပြီးနောက် ကျောင်းသားများနှင့်အတူတကွဖတ်ပါ။

စကားလုံးအသစ်၏အောက်တည့်တည့်လိုင်းတွင် တစ်တန်းတည်းဖြစ်စေရန်စကားလုံးအစိတ်အပိုင်း ကိုရေးပါ။ ကျောင်းသားများအားဖတ်ပြပြီးနောက် ကျောင်းသားများနှင့်အတူတကွဖတ်ပါ။

စကားလုံးများအားလုံးတစ်တန်းတည်းဖြစ်စေရန် သော့ချက်စကားလုံးအစိတ်အပိုင်း၏ အောက် တည့်တည့်တွင်သော့ချက်စကားလုံးကိုရေးပါ။

ကျောင်းသားအားဖတ်ပြပြီးနောက် ကျောင်းသားများနှင့်အတူတကွဖတ်ပါ။

နှစ်ဖက်လုံးဖြစ်သည့် စကားလုံးဖြိုခြင်းနှင့် စကားလုံးတည်ဆောက်ခြင်းကို စာဖတ်ခြင်းအစီအစဥ် (၅ဆင့်) အတိုင်းဖတ်ပါ။

## စာလုံးသတ်ပုံရေးခြင်း (၅မိနစ်)

### ၁။ သင်ပြီးသားသင်ခန်းစာမှ သော့ချက်စကားလုံးအား သတ်ပုံခေါ်ခြင်း (ပြန်လည်လေ့ကျင့်ခန်းအတွက်)

ပြီးခဲ့သောသင်ခန်းစာမှ သော့ချက်စကားလုံး တစ်လုံးသုံးကြိမ်ခေါ်ပြပြီး ကျောင်းသားများကို ဗလာစာ အုပ်၏ နောက်ဆုံးစာမျက်နှာတွင်အလွတ်ရေးခိုင်းပါ။ ကျောင်းသားများတစ်လုံးရေးပြီးတိုင်း ကျောက် သင်ပုန်းပေါ်တွင် ရေးပြပြီး ကျောင်းသားများကို အမှားအမှန်စစ်ဆေးပါ။ ထို့နောက်ဆရာ/မ ဖတ်ပြပြီး နောက်ကျောင်းသားများနှင့်အတူတူ ဖတ်ပြပါ။ အတန်းတွင်လျှောက်ပြီး အမှန်ပြင်ပေးရန်လိုသောသူကို ပြင်ပေးပါ။

### ၂။ ကျောင်းသားများသော့ချက်စကားလုံးအသစ်ရေးကျင့်ခြင်း

ကျောက်သင်ပုန်းပေါ်တွင် သော့ချက်စကားလုံး၏ ဝဏ္ဏတစ်ခုကိုရေးပါ။

ထိုဝဏ္ဏကို ကျောင်းသားများအား မိမိဗလာစာအုပ်ထဲတွင် လိုက်ရေးချခိုင်းပါ။

နောက်ထပ်ဝဏ္ဏကို ပထမတစ်ခု၏ ဘေးတွင်ရေးပြပါ။ ထိုအတိုင်းကျောင်းသားများ သူတို့၏ ဗလာစာ အုပ်တွင် ရေးရန်ပြောပါ။

အကယ်၍ (အသံအနိမ့်အမြင့်သင်္ကေတ) ပါလျှင် ထည့်ရန်မမေ့ပါနှင့်။

သော့ချက်စကားလုံးသည် ဝဏ္ဏတစ်လုံးတည်းပါလျှင် ကျောက်သင်ပုန်းပေါ်တွင် တစ်ခါတည်းရေးပြပြီး လေ့ကျင့်စေပါ။

ကျောင်းသားများအား ဗလာစာအုပ်ထဲတွင် သော့ချက်စကားလုံးကို ၅ ကြိမ်သေချာရေးရန်ပြောပါ။

## စာရွက်ကြီး (၅မိနစ်)

### ၁။ စာရွက်ကြီးပေါ်တွင် သော့ချက်စကားလုံးအသစ်ကိုရေးထည့်ခြင်း

စာရွက်ကြီးပေါ်ရှိ "သော့ချက်စကားလုံးများ" ဟူသည့် ခေါင်းစဉ်အောက်တွင် သော့ချက်စကားလုံးအ သစ်ကိုရေးချပါ။ (ထိုစာရွက်ကြီးတစ်ရွက်ကို နံရံပေါ်တွင်ချိတ်ဆွဲထားပါ။)

### ၂။ ဇယားကွက်ကြီးမှ စကားလုံးသစ်များအား စာရွက်ကြီးပေါ်တွင်ရေးချပါ။

ဇယားကွက်ကြီးထဲမှ ကျောင်းသားများတွေ့ရှိသည့် စကားလုံးသစ်ကို စာရွက်ကြီးပေါ်တွင် "အခြားစ ကားလုံးများ" ဟူသည့်ခေါင်းစဉ်အောက်တွင်ရေးချပါ။

### ၃။ စာရွက်ကြီးပေါ်ရှိစာလုံးသစ်များကို ညွှန်ပြပြီး ဖတ်ပြပါ။ ပြီးနောက် ကျောင်းသားများနှင့်အတူ တကွ ဖတ်ပါ။

## ဇယားကွက်ကြီး (၇ မိနစ်)

### ၁။ ဇယားကွက်ကြီးတွင်အသံများနှင့် စာလုံးများကို ထည့်ပြီး ကျောက်သင်ပုန်းပေါ်တွင်ရေးပါ။

### ၂။ စာဖတ်ခြင်းအစီအစဉ်ကို အသုံးပြုပြီး ဇယားကွက်ကြီးကိုဖတ်ခြင်း

ဇယားကွက်ထဲရှိအသံများ (သို့) စာလုံးများအားလုံးကို ကျောင်းသားများအားဖတ်ပြပြီး နောက်ကျောင်း သားများနှင့် အတူတကွဖတ်ပါ။ သင်၏ဘာသာစကား ဖတ်ပုံနည်းလမ်းအတိုင်းဘယ်မှညာသို့ ဖတ်ပြပါ။ သင်ဖတ်ပြသည့်အခါ စကားလုံးတစ်လုံးစီတိုင်းကို ညွှန်တံတစ်ချောင်းနှင့်ညွှန်ပြပါ။

### ၃။ ဇယားကွက်ကြီးထဲမှ သော့ချက်စကားလုံးအား ကျောင်းသားများရှာဖွေခြင်း

စာလုံးအသစ်ပါသည့် ဇယားကွက်ကြီး၏အကွက်လေးကို ညွှန်ပြပါ။

"ဒီနေရာမှာ ဆရာမတို့ရဲ့စာလုံးသစ်ရှိတယ်" ဟူ၍ပြောပြပါ။ ကျောင်းသားများကို ဖတ်ပြပြီး ကျောင်းသားနှင့်အတူတကွဖတ်ပါ။ ပြီးနောက် "ဘယ်သူဒီဇယားကွက်ထဲက စာလုံးလေးတွေနဲ့ သော့ ချက်စကားလုံးသစ်ကိုတွဲပြနိုင်သလဲ" ဟူ၍မေးပါ။ ကျောင်းသားတစ်ယောက် ကျောက်သင်ပုန်းဆီသို့ လာပြီး စာလုံးတစ်ခုစီကို ညွှန်ပြစေပြီး သော့ချက်စကားလုံးကို ဖတ်ပြခိုင်းပါ။

### ၄။ ကျောင်းသားများဇယားကွက်ကြီးထဲရှိ အခြားစကားလုံးများအားရှာဖွေခြင်း

"ဘယ်သူဒီဇယားကွက်ကြီးထဲရှိ စာလုံးများကို အသုံးပြုပြီးအခြားစကားလုံးသစ်များ တည်ဆောက်နိုင် သလဲ" ဟူ၍မေးပါ။

ကျောင်းသားများ ကျောက်သင်ပုန်းဆီသို့ လာစေပါ။

အစိတ်အပိုင်းတစ်ခုစီကို ညွှန်ပြပြီး ကျောင်းသားများ ရှာတွေ့သည့် စကားလုံးကိုဖတ်ခိုင်းပါ။

ကျောက်သင်ပုန်းပေါ်တွင် ထိုစကားလုံးတစ်ခုစီကိုရေးပါ။

စကားလုံးများကို ဖတ်ပြပြီးနောက် ကျောင်းသားများနှင့်အတူတကွဖတ်ပါ။

**အကူစကားလုံး (၇ မိနစ်)**

**၁။ အကူစကားလုံးသစ်ကို မိတ်ဆက်ခြင်း**

အကူစကားလုံးပါသည့်စာကြောင်းတစ်ကြောင်းကို ကျောက်သင်ပုန်းပေါ်တွင်ရေးပါ။

အကူစကားလုံးကို အလေးပေးသည့် မေးခွန်းများကိုမေးပါ။ (ဥပမာ- ပန်းအိုးထဲတွင် ပန်းပွင့်ရှိသည်။ ပန်းပွင့်ဘယ်မှာရှိသလဲ။)

အကူစကားလုံးပါသည့် အခြားစာကြောင်း (သို့) အခြားစကားစုဖြင့် ဥပမာပေးပါ။ (အကယ်၍ မေးလို့ရ လျှင်) စကားလုံးအသစ်ကို အလေးအနက်ထားပြီးမေးခွန်းမေးပါ။ ဖြစ်နိုင်လျှင်စကားလုံးအားလုံးအား တကယ့်ပစ္စည်းကို အသုံးပြုပြီးသရုပ်ဖော်ပြပါ။ (ဥပမာ- စာအုပ်ကိုအိတ်ထဲထည့်လိုက်ပြီး "စာအုပ်ကို ဘယ်မှာထည့်လိုက်သလဲ" လို့မေးပါ။ "အိတ်ထဲမှာ" ဟုဖြေလျှင်ဖြေမည်။)

**၂။ ဝါကျဖြိုခြင်းကို ကျောက်သင်ပုန်းပေါ်တွင်ပြုလုပ်ခြင်း**

အကူစကားလုံးပါသည့်စာကြောင်းကို ကျောက်သင်ပုန်းပေါ်တွင်ရေးပါ။ ဖြစ်နိုင်လျှင်အကူစာကားလုံး သစ်စာကြောင်းတွင် သော့ချက်စကားလုံးပါပါစေ။

စာကြောင်းဖြိုခြင်းကို အကူစကားလုံးသစ်အထိ လုပ်ဆောင်ပါ။

**၃။ ကျောက်သင်ပုန်းပေါ်တွင် စကားလုံးတည်ဆောက်ခြင်း လုပ်ဆောင်ချက်ကိုပြုလုပ်ခြင်း**

အကူစကားလုံးစာကြောင်း တစ်ခုလုံးအထိ စာကြောင်းကို ပြန်လည်တည်ဆောက်ပါ။

**၄။ စာကြောင်းဖြိုခြင်းနှင့် စာကြောင်းတည်ဆောက်ခြင်းကို စာဖတ်ခြင်းအစီအစဥ်(၅ဆင့်) အတိုင်း ဖတ်ပါ။**

**အကူစကားလုံးသတ်ပုံရေးခြင်း (၆ မိနစ်)**

**၁။ သင်ပြီးသားသင်ခန်းစာမှ အကူစကားလုံးအား သတ်ပုံခေါ်ခြင်း (ပြန်လည်လေ့ကျင့်ခန်းအတွက်)**

ပြီးခဲ့သောသင်ခန်းစာမှ အကူစကားလုံး တစ်လုံးသုံးကြိမ်ခေါ်ပြီး ကျောင်းသားများကို ဗလာစာ အုပ်၏ နောက်ဆုံးစာမျက်နှာတွင်အလွတ်ရေးခိုင်းပါ။ ကျောင်းသားများတစ်လုံးရေးပြီးတိုင်း ကျောက် သင်ပုန်းပေါ်တွင် ရေးပြပြီး ကျောင်းသားများကို အမှားအမှန်စစ်ဆေးပါ။ ထို့နောက်ဆရာ/မ ဖတ်ပြပြီး နောက်ကျောင်းသားများနှင့်အတူတူ ဖတ်ပြပါ။ အတန်းတွင်လျှောက်ပြီး အမှန်ပြင်ပေးရန်လိုသောသူကို ပြင်ပေးပါ။

**၂။ ကျောင်းသားများ အကူစကားလုံးအသစ်ရေးကျင့်ခြင်း**

ကျောက်သင်ပုန်းပေါ်တွင် အကူစကားလုံး၏ ဝဏ္ဏတစ်ခုကိုရေးပါ။

ထိုဝဏ္ဏကို ကျောင်းသားများအား မိမိဗလာစာအုပ်ထဲတွင် လိုက်ရေးချခိုင်းပါ။

နောက်ထပ်ဝဏ္ဏကို ပထမတစ်ခု၏ ဘေးတွင်ရေးပြပါ။ ထိုအတိုင်းကျောင်းသားများ သူတို့၏ ဗလာစာ အုပ်တွင် ရေးရန်ပြောပါ။

အကယ်၍ (အသံအနိမ့်အမြင့်သင်္ကေတ) ပါလျှင် ထည့်ရန်မမေ့ပါနှင့်။

သော့ချက်စကားလုံးသည် ဝဏ္ဏတစ်လုံးတည်းပါလျှင် ကျောက်သင်ပုန်းပေါ်တွင် တစ်ခါတည်းရေးပြပြီး လေ့ကျင့်စေပါ။

ကျောင်းသားများအား ဗလာစာအုပ်ထဲတွင် သော့ချက်စကားလုံးကို ၅ ကြိမ်သေချာရေးရန်ပြောပါ။

## တိကျမှန်ကန်မှု
## ပြန်လှန်လေ့ကျင့်ခန်း သင်ခန်းစာ

**(က) သော့ချက်စကားလုံးပြန်လှန်လေ့ကျင့်ခန်း (၅ မိနစ်)**

၁။ စာရွက်ကြီးပေါ်တွင်စကားလုံးသစ်များကို ကျောင်းသားများရှာဖွေခြင်း
သော့ချက်စကားလုံးသစ်များအားလုံးကို ဖတ်ပြပြီးကျောင်းသားအယောက်စီကို စာရွက်ကြီးပေါ်ရှိ စကားလုံးများကို ရှာခိုင်းပါ။ ထို့နောက်အခြားစကားသစ်များကိုလည်း အစဉ်လိုက်မဟုတ်ပဲ တစ်လုံးစီဖတ်ပြပြီး ကျောင်းသားတစ်ယောက်စီကို စာရွက်ကြီးပေါ်ရှိ စကားလုံးများကို ရှာခိုင်းပါ။

၂။ ကျောင်းသားများသည် သော့ချက်စကားလုံးများနှင့် အခြားစကားလုံးသစ်များကို အခန်းတွင်းရှိ ချိတ်ထားသော စာရွက်များပေါ်တွင် ရှာဖွေခြင်း
စာရွက်ကြီးပေါ်ရှိပုံပြင်များပေါ်မှ (သို့မဟုတ်) ချိတ်ထားသည့် စာရွက်ပေါ်မှ
အခြားသောစကားလုံးများကို ကျောင်းသားများရှာနိုင် မရှာနိုင်ကိုမေးပါ။
(နံရံပေါ်တွင် အခြားသောဥပမာပေးနိုင်သည့် သော့ချက်စကားလုံးရှိမှသာလျှင် ရှာခိုင်းပါ။)

၃။ ကျောက်သင်ပုန်းပေါ်တွင် ပြီးခဲ့သည့်အပတ်မှ သင်ခဲ့သော သော့ချက်စကားလုံးအသစ်တစ်လုံးစီကို စကားလုံးဖြိုခြင်းနှင့် တည်ဆောက်ခြင်းကိုလုပ်ပါ။

**(ခ) ဖယားကွက်ကြီးပြန်လှန်လေ့ကျင့်ခန်း (၅ မိနစ်)**

၁။ ကျောက်သင်ပုန်းပေါ်ရှိ ဖယားကွက်ကြီးထဲတွင် သော့ချက်စကားလုံးများမှ စာလုံးအစိတ်အပိုင်းများကိုထည့်ထားပါ။

၂။ ဖယားကွက်ကြီးကိုဖတ်ခြင်း
သော့ချက်စကားလုံးအသစ်များမှ စာလုံးများနှင့် ဝဏ္ဏ (အသံအစိတ်အပိုင်း)
များကို ကျောက်သင်ပုန်းပေါ်ရှိဖယားကွက်ငယလလေးထဲတွင်ထည့်ပါ။ ကျောင်းသားများကိုဖတ်ပြပါ။
ပြီးနောက် ကျောင်းသားမျာနှင့် အတူတူဖတ်ပါ။ စာဖတ်ခြင်းအစီအစဉ်ကို အသုံးပြုပါ။
သင်၏ဘာသာစကားဖတ်ပုံနည်းလမ်းအတိုင်း ဘယ်မှညာသို့ဖတ်ပြပါ။

၃။ အောက်ပါဖယားကွက်ကြီးလုပ်ဆောင်မှုများမှ တစ်ခုကိုလုပ်ဆောင်ပါ။
(က) ဖယားကွက်ကြီးထဲမှ စကားလုံးများရှာဖွေခြင်း
အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဖယားကွက်ကြီးထဲမှ သော့ချက်စကားလုံးတစ်ခုကို ပြောပါ။ (ဥပမာ- ကြောင်) အဖွဲ့တစ်ဖွဲ့မှ တစ်ယောက်သည် ဖယားကွက်ကြီးဆီသို့လာပြီး သော့ချက်စကားလုံးကို တည်ဆောက်သည့် စာလုံး (သို့မဟုတ်) ဝဏ္ဏ (အသံအစိတ်အပိုင်း) များကိုညွှန်ပြစေပါ။ ကျောင်းသား၏ လုပ်ဆောင်ချက်မှန်လျှင် ထိုအဖွဲ့သည် အမှတ်ရရှိမည်။ မလုပ်ဆောင်နိုင်ပါက အခြားအဖွဲ့မှကျောင်းသားတစ်ယေက်ကို ကြိုးစားလုပ်ဆောင်ခိုင်းပါ။

(ခ) သော့ချက်စကားလုံးများကို ကွက်လပ်ဖြည့်ခြင်း
အဖွဲ့နှစ်ဖွဲ့ ခွဲလိုက်ပြီး ကျောက်သင်ပုန်းပေါ်တွက် သော့ချက်စကားလုံး၏ အစစာလုံးကိုရေးပါ။
အဖွဲ့တစ်ဖွဲ့စီမှ ကျောင်းသားတစ်ယောက် ကျောက်သင်ပုန်းဆီသို့လာပြီး ကျန်ရှိသည့် သော့ချက်စကားလုံးကို ကွက်လပ်ဖြည့်စေပါ။ အခြားကျန်ရှိသည့်စကားလုံးများကို လည်း ထိုကဲ့သို့ ပြုလုပ်စေပါ။ အဖွဲ့တစ်ခုစီတိုင်းမှန်လျင် အမှတ်များပေးပါ။

(ဂ) စကားလုံးသစ်များတည်ဆောက်ခြင်း
ကျောက်သင်ပုန်းပေါ်တွင် စကားလုံးအသစ်တစ်လုံးမှ စာလုံးများကိုရေးပါ။
ထိုစာလုံးများကို အစီအစဉ်ကျစွာမရေးပါနှင့်၊ ကျောင်းသားအားထိုစကားကို စဉ်းစားစေပြီး ဗလာစာအုပ်ထဲတွင် ကျောင်းသားများအားရေးစေပါ။ ကျောင်းသားတစ်ယေက်အား ကျောက်သင်ပုန်းဆီသို့လာပြီး မှန်ကန်စွာရေးစေပါ။ ကျောင်းသားတစ်ယောက်အား ကျောက်သင်ပုန်းစီသို့လာပြီး မှန်ကန်စွာရေးစေပါ။ ထို့နောက် အခြားစကားလုံးများကိုလည်း ပြုလုပ်ပါ။ စကားလုံး (၅) လုံးကို ထိုကဲ့သို့ ပြုလုပ်နိုင်သည်။ (အဖွဲ့လိုက်လည်း သင်လုပ်ဆောင်နိုင်သည်။) အဖွဲ့များတစ်ကြိမ်တည်းတွင် စာလုံးများကို တည်ဆောက်နိုင်ရန် ကျောက်သင်ပုန်းပေါ်တွင် မျဉ်းကြောင်းကို မလလယ်တွင်ဆွဲထားနိုင်သည်။ အရင်ဦးဆုံးလုပ်ဆောင်နိုင်သည့်အဖွဲ့သည် အမှတ်ရရှိမည်ဖြစ်သည်။

(ဂ) အကူစကားလုံးများပါသည့်ဝါကျပြန်လှန်လေ့ကျင့်ခန်း (၅ မိနစ်)

၁။ ကျာင်သင်ပုန်းပေါ်တွင် သင်ကြားခဲ့သည့် အကူစကားလုံးပါဝင်သည့် စာကြောင်း (၂) ကြောင်းကိုရေးပါ။

၂။ စာဖတ်ခြင်း အစီအစဉ်အတိုင် ထိုစာကြောင်း (၂) ကြောင်းကိုဖတ်ပါ။
စာကြောင်းတိုင်းအား စာကြောင်းဖြိုခြင်းနှင့် စာကြောင်းတည်ဆောက်ခြင်းလုပ်ဆောင်ပါ။ ပြီးနောက် စာဖတ်ခြင်း အစီအစဉ်အတိုင်းဖတ်ပါ။

၃။ အောက်ပါလုပ်ဆောင်ချက်များမှ တစ်ခုကို လုပ်ဆောင်နိုင်သည်။

စာကြောင်းဖေါ်ပြခြင်း-
ရေးထားသည့်စာကြောင်း (၂) ကြောင်းကိုဖတ်ပါ။ ကျောင်းသားတစ်ယေက်အား ဆရာဖတ်သည့် စာကြောင်းကို လာပြီးညွှန်ပြစေပါ။

**ကွက်လက်ဖြည့်ခြင်း-**
**ကျောက်သင်ပုန်းပေါ်ရှိစာကို ဖျက်ပြီးနောက်စာကြောင်းများမှ တစ်ကြောင်းကိုရေးပါ။ သို့သော် အကူစကားလုံးကို မရေးပါနှင့်၊ ကွက်လပ်ထဲ၌ ကျောင်းသားတစ်ယောက်ကိုလာပြီးရေးစေပါ။**

**ဝါကျပြုလုပ်ခြင်း-**
**ကျောက်သင်ပုန်းပေါ်တွင် အကူစကားလုံးများမှတစ်လုံးကိုရေးပါ။ ကျောင်းသားသည် ထိုစကားလုံးကို အသုံးပြုပြီး ဝါကျတစ်ကြောင်းရေးစေပါ။ (အကယ်၍ ဝါကျစာကြောင်းကို မရေးသားနိုင်ပါက ဆရမမှ ကူရေးပေးနိုင်သည်။)**

**(ဃ) စာလုံးပေါင်းသတ်ပုံနှင့်လက်ရေးလှပြန်လှန်လေ့ကျင့်ခန်း (၅ မိနစ်)**

၁။ သော့ချက်စကားလုံး (၁၀) လုံးအထိသတ်ပုံခေါ်ခြင်း
(နောက်ဆုံးသင်ကြားသည့်သင်ခန်းစာမှ သော့ချက်စကားလုံးများအပါအဝင်)

ကျောက်သင်ပုန်းမှ စာများကိုဖျက်လိုက်ပြီး သော့ချက်စကားလုံးများမှ တစ်လုံးကိုခေါ်ပါ၊ (၂) ကြိမ် (၃) ကြိမ်လောက် ခေါ်ပေးပြီး လေ့ကျင့်ခန်းစာအုပ်တွင် ရေးစေပါ။
လိုအပ်လျှင် သတ်ပုံခေါ်သည့်စာလုံးအဓိပ္ပါယ်ပေါ်ရန် အကူစာလုံးထည့်ခေါ်ပေးပါ။ ဥပမာ- အဓိကစကားလုံးက "ကျောင်း" ဖြစ်ပြီး "ကျောင်း" ဟုခေါ်လျှင် ကျောင်းသားများနားမရှင်းပါက "စာသင်ကျောင်း" ဟု ခေါ်ပြီးနောက် "ကျောင်း" ဟုခေါ်ပေးပါ။
ရေးပြီးနောက် ကျောင်းသားများရေးသည့် စကားလုံးမှန်မမှန် စစ်ဆေးရန် ကျောက်သင်ပုန်းပေါ်တွင် ရေးပြပြီး စစ်စေးပါ။
အတန်းထဲတွင်လှည့်ပြီး ကျောင်းသားများ၏ အမှားများကို ပြင်ပေးပြီးအားပေးပါ။
ထိုကဲ့သို့ သော့ချက်စကားလုံးများကို ပြုလုပ်ပါ။ အစပိုင်း၌ သင်ကြားခဲ့သော သော့ချက်စကားလုံးများကိုလည်း (၁၀) လုံးအထိ ခေါ်ပေးနိုင်သည်။

(သို့မဟုတ်)

ဝါကျကို (၂) ကြောင်းကို သတ်ပုံခေါ်ခြင်း
(ကျောင်းသားများစာပိုရေးတတ်လာပြီးနောက်ပိုင်းပြုလုပ်ရန်)
ကျောင်းသားများသင်ယူပြီးသည့် စာကြောင်းတို (၂)ကြောင်းကို သတ်ပုံခေါ်ပါ။
ခေါ်သည့်စာကြောင်းများကိုကျောင်းသားများအားရေးစေပါ။
ကျောင်းသားများဗလာစာအုပ်ထဲ ရေးနေချိန်တွင် နောက်ထပ်တစ်ခေါက်ခေါ်ပြပါ။
ကျောင်းသားများ၏စာကြောင်းသတ်ပုံ မှန်ကန်မှု ရှိမရှိကို စစ်ပါ။
ကျောင်းသာများ မိမိတို့သတ်ပုံကို စစ်ရန်ကျောက်သင်ပုန်းပေါ်တွင် စာကြောင်းရေးပြပါ။
အတန်းထဲလှည့်ပြီး ကျောင်းသားများကို အမှားပြင်ပေးပြီးအားပေးစကားပြောပါ။

၂။ လက်ရေးလှရေးခြင်း
သော့ချက်စကားလုံးသစ်နှင့် သော့ချက်စကားလုံးသစ်ပါသည့် စာကြောင်းများကို ကျောင်းသာများလေ့ကျင့်ခြင်း
သော့ချက်စကားလုံးသစ် (သို့မဟုတ်) စာကြောင်းသစ်တစ်ခုစီကို ကျောက်သင်ပုန်းပေါ်တွင်ရေးပါ။
ရေးသားရာတွင် စကားလုံးကြီးကြီးကို
သပ်ရပ်စွာရေးပါ။ ကျောင်းသားများမိမိဗလာစာအုပ်ထဲတွင် သော့ချက်စကားလုံးသစ်များကို ကူးရန်အချိန်ပေးပါ။
ကျောင်းသားများကို သော့ချက်စကားလုံးတိုင်း (သို့မဟုတ်) စာကြောင်းကို (၅)ကြိမ်ရေးခိုင်းပါ။
အတန်းထဲတွင်လှည့်ကာ အမှားများပြင်ပေးပြီး ကျောင်းသာများကိုအားပေးပါ။

## သဘောပေါက်နားလည်မှု ကဏ္ဍ
## ပုံပြင်အသုံးပြုသင်ကြားခြင်းနည်းလမ်း
## (ပထမရက်)

**(က) အတူဖတ်ပုံပြင် (၁၅ မိနစ်)**

၁။ ပုံပြင်ဖတ်ရန်ပြင်ဆင်ခြင်း (အတန်းမစမီ ပြင်ဆင်ထားရန်)
အကယ်၍ စာအုပ်ကြီး (သို့မဟုတ်) စာရွက်ကြီးပြင်အားအသုံးပြုလျှင်
စာအုပ်ကြီးယူထားပါ။ (သို့မဟုတ်) စာရွက်ကြီးကိုအားလုံးမြင်နိုင်ဖို့နံရံပေါ်တွင်ကပ်ပါ။
စကားလုံးလေးများနှိုင်းယှဉ်မှုလုပ်ဆောင်ရန် စကားလုံး (၃)လုံး၊ (၄)လုံးရွေးချယ်ပါ။ ထိုစကားလုံးလေးများကို စာရွက်သေး၌ ရေးထားပါ။
စကားလုံးဖွက်ခြင်း လုပ်ဆောင်ရန် စာကြောင်းတို (၂) ကြောင်း၊ (၃) ကြောင်းကိုရွေးချယ်ထားပါ။

အကယ်၍စာအုပ်သေးတစ်ပုပ်အသုံးပြုလျှင်
စာအုပ်များကိုထုတ်ထားပါ။ ကျောင်းသားတစ်ယောက်စီတိုင်းအတွက် (သို့မဟုတ်) (၂)ယောက်တစ်အုပ်စီအတွက် စာအုပ်အလုံအလောက်ရှိရမည်ဖြစ်သည်။
စကားလုံးယှဉ်တွဲခြင်း လုပ်ဆောင်ရန် စကားလုံး(၃)လုံး၊ (၄)လုံးရွေးချယ်ပါ။
ၾင်းစကားလုံးများကို နောက်ပိုင်းတွင် ကျောက်သင်ပုန်းပေါ်တွင်ရေးချပြရမည်။
စကားလုံးဖွက်ခြင်းလုပ်ဆောင်ရန် စာကြောင်းတို(၂)ကြောင်း၊ (၃)ကြောင်းရွေးချယ်ထားပါ။ ကျောက်သင်ပုန်းပေါ်တွင် ၎င်းစာကြောင်းတိုများကို နောက်ပိုင်းတွင်ရေးချပြရမည်။

၂။ အတူဖတ်ပုံပြင်စတင်ခြင်း
ပုံပြင်ခေါင်းစဉ်အားမိဆက်ပေးပါ။ ကျောင်းသားအားလုံးပုံပြင်နှင့် ဆက်စပ်သည့်နေထိုင်မှုများ အဖြစ်အပျက် အကြောင်းအရာများကိုမေးပါ။ "သားတို့၊ သမီးတို့ __________တွေ့ကြုံဘူးလား။" (သို့မဟုတ်) " သားတို့၊ သမီးတို့ ___________တွေ့ဘူးလား။" ပုံပြင်၏ခေါင်းစဉ်ကို ကျောင်းသားများ စဉ်းစားမိလာအောင် မေးခွန်းများမေးပါ။

၃။ ပုံပြင်ဖတ်ပြခြင်း
ကျောင်းသားများအား ပုံပြင်ဖတ်ပြပါ။ ပုံပြင်ဖတ်ပြရင်း၊ ပုံပြင်အကြောင်းမေးခွန်းများ မေးရန်ခဏရပ်ပါ။ ဥပမာ- ပုံအားထောက်ပြပြီး "ပုံထဲမှာဘာပုံကိုမြင်လဲ။" ဟုမေးပါ။
ထို့နောက် ပုံအတွက်ရေးထားသောစာကြောင်းကိုဖတ်ပြပါ။
ပုံတိုင်းကို ထိုကဲ့သို့ပြုလုပ်ပါ။ ပုံပြင်တစ်ပိုင်းဖတ်ပြပြီးတိုင်း "နောက်ပြီးဘာတွေ ထပ်ဖြစ်မယ်လို့ထင်လဲ" ဟုမေးပါ။

ပုံပြင်ဖတ်ပြပြီးသောအခါ ကျောင်းတားမျးကိုမေးခွန်းအချို့ကိုမေးပါ။
ဥပမာ- "ပုံပြင်ထဲမှာ ဘာတွေဖြစ်ခဲ့လဲ" "ဒီလိုဖြစ်တာဘာကြောင့်လို့ထင်လဲ" "ဘယ်အပိုင်းကိုပိုကြိုက်လဲ" "ဘာကြောင့်ဒီအပိုင်းကို ကြိုက်လဲ"
ပုံပြင်တစ်ခုလုံးကို ကျောင်းတားများအားနောက်တစ်ခေါက်ဖတ်ပြပြီးနောက် ကျောင်းသားများနှင့် အတူတကွဖတ်ပါ။ (ကျန်သောစာဖတ်ခြင်း အစီအစဉ်ကို နောက်နေ့တွင် ဆက်လုပ်ရမည်။)

၃။ စကားလုံးနှိုင်းယှဉ်မှုလုပ်ဆောင်ခြင်း

အကယ်၍ စာအုပ်ကြီး (သို့မဟုတ်) စာရွက်ကြီးပုံပြင်အသုံးပြုမည်ဆိုလျှင်

ပုံပြင်ထဲမှစိတ်ဝင်စားမည့် စကားလုံးတစ်လုံးကို ရွေးပါ။

ကျောင်းသားအားပုံပြင်ထဲမှ စကားလုံးကို စာရွက်သေးလေးပေါ်တွင်ရေးထားသည့် စာရွက်လေးကိုပေးပါ။

ကျောင်းသားကို စာရွက်နှင့်အတူ စာအုပ်ကြီး (သို့မဟုတ်)စာရွက်ကြီးရှေ့သို့လာစေပြီး စကားလုံးနှိုင်းယှဉ်ခိုင်းပါ။

အကယ်၍ စာအုပ်သေးများအသုံးပြုမည်ဆိုလျှင်

ပုံပြင်ထဲမှ စိတ်ဝင်စားမည့် စကားလုံးတစ်လုံးကို ရွေးထားပါ။

ထိုပုံပြင်စာအုပ်ထဲမှ စကားလုံးကို ရွေးပြီးကျောက်သင်ပုန်းပေါ်တွင်ရေးပါ။

ပုံပြင်ထဲမှထိုစကားလုံးရှာရန် ကျောင်းသားအားပြောပါ။ စာအုပ်ကိုကိုင်ပြီး စကားလုံးမားညွှန်ရန်ပြောပါ။

၄။ စကားလုံးဖွက်ခြင်း

အကယ်၍စာအုပ်ကြီး (သို့မဟုတ်) စာရွက်ကြီးကို အသုံးပြုမည်ဆိုလျှင်

ပုံပြင်ထဲမှ စိတ်ဝင်စားစရာကောင်းသော စာကြောင်းကို ရွေးချယ်ပါ။

ကျောင်းသားအားလုံးမြင်သာအောင် စာအုပ်ကြီး (သို့မဟုတ်) စာရွက်ကြီးကို ကိုင်ထားပါ။

ကျောင်းသားများနှင့်အတူ စာကြောင်းတစ်ကြောင်းကို အတူတကွဖတ်ပါ။

ထိုစာကြောင်းထဲရှိ စကားလုံးတစ်ခုကို ဖုံးထားပါ။

စကားလုံးဖုံးထားလျက်စာကြောင်းကို ကျောင်းသာများနှင့် အတူတကွ ထပ်ဖတ်ပါ။

ဖုံးထားသောစကားလုံးကိုဖယ်လိုက်ပါ။ ထို့နောက်ကျောင်းသားနှင့်အတူ ဖုံးထားခဲ့သည့် စကားလုံးကို ပြန်၍မေးပါ။

အကယ်၍ပုံပြင်စာအုပ်သေးသုံးမည်ဆိုပါက

ပုံပြင်ထဲမှ စိတ်ဝင်စားစရာကောင်းသောစာကြောင်းကိုရွေးချယ်ပါ။

စာကြောင်းတစ်ကြောင်းကိုကျောက်သင်ပုန်းပေါ်တွင်ရေးပါ။

ကျန်အဆင့်များကိုအထပ်တွင်ဖော်ပြထားသည့်အတိုင်းဆောင်ရွက်ပါ။

## (ခ) အတွေ့အကြုံပုံပြင်နှင့် ဖန်တီးရေးသားခြင်း (၁၅-၂၀ မိနစ်)

ကလေးများ၏ အတွေ့အကြုံပုံပြင်ရေးခြင်း

၁။ ခေါင်းစဉ်ကြီး (Theme) နှင့်ဆက်နွယ်သောလုပ်ဆောင်ခြင်း

သင်ခန်းစာနှင့်ဆက်နွယ်သောခေါင်းစဉ်အကြောင်းကို စဉ်းစားရန် ကျောင်းသာများကို အားပေးပါ။ ဖြစ်နိုင်လျှင် သင်ခန်းစာခေါင်းစဉ်နှင့် ဆက်နွယ်သော
စိတ်ဝင်စားစရာကောင်းသည့်အတွေ့အကြုံမျိုးကို ကျောင်းသားများအတွက်ဖန်တီးပေးပါ။

အာရုံငါးပါးပါသည့်အတွေ့အကြုံမျိုးဖြစ်သည်။ ဥပမာ- ဒီအပတ်မှာ "သရက်သီး" အကြောင်းသင်လျှင် အသီးများအကြာင်းပြောပါ။ ဘာကြောင့်အသီးများကိုကြိုက်လဲ။ အခန်းထဲသို့ ဆရာမှ သရက်သီး ယူလာပြီး တစ်ယောက်ခြင်းစီကို တစ်လုံးစီပေးနိုင်သည်။ (ကျောင်းသားများအား စိတ်ဝင်စားစရာ အတွေ့အကြုံ တစ်ခုရလာရန် လုပ်ဆောင်ပေးသော အကောင်းဆုံးနည်းလမ်းဖြစ်သည်။)

ထိုကဲ့သို့အတွေ့အကြုံတစ်ခုကျောင်းခန်းထဲတွင်ရှိပါက ထိုအတွေ့အကြုံအကြောင်းကို ပြောရန်အားပေးပါ။ ဤကဲ့သို့သောအတွေ့အကြုံ အခန်းထဲတွင်မရှိပါက ခေါင်းစဉ်နှင့်ဆက်စပ်မှုရှိသော အကြောင်းအရာကိုပြောစေရန် "ဒီလိုမျိုးအတွေ့အကြုံရှိလား" ဟုမေးပြီးကျောင်းသားတို့၏ အတွေ့အကြုံများကို ပြောစေပါ။ ကျောင်းသား (၂)ယောက် (သို့မဟုတ်) (၃) ယောက်ကိုပြောစေပါ။ ထိုကျောင်းသားများ ပြောသည့်အတွေ့အကြုံများထဲမှ အကြိုက်ဆုံးတစ်ခုကို ရွေးစေပြီးရေးပါ။

၂။ လုပ်ဆောင်ခဲ့သည့်အကြာင်းအရာကို ကျောင်းသားများပုံပြင်ရေးခြင်း

ကျောင်းသာများလုပ်ဆောင်ခဲ့သည့် အကြာင်းအရာကိုပြောပြခြင်း (သို့မဟုတ်) အကောင်းဆုံးပုံပြင်ကို ရွေးချယ်ပြီး "မိမိတို့ပြင်ကိုရေးရအောင်။ ဘယ်လိုအစပြုရင်ကောင်းမလဲ။" ဟုမေးပါ။

(က) ကျောင်းသားများပြောသည့်အတိုင်း ပုံပြင်ရေးခြင်း

ကျောင်းသားများအရင် ဦးဆုံးရေးချင်သည့်စာကြောင်းကို ဆုံးဖြတ်စေပါ။

"ဒီစာကြောင်းဟာ သားတို့၊သမီးတို့ စ ရေးချင်တဲ့စာကြောင်းလား။ ဟုတ်ပြီဒါဆို ရေးချမယ်နော်။" ဟုပြောပါ။ ဆက်လက်ပြီး ကျောင်းသားများပြော သည့်စာကြောင်းကိုသာရေးချပါ။

ရေးချပြီးနောက် ထိုစာကြောင်းကို ကျောင်းသားများအားဖတ်ပြပေးပါ။

"ဒီစာကြောင်းက သားတို့၊သမီးတို့ ရေးချင်တဲ့စာကြောင်းလား။" ဟုမေးပါ။

ထိုစာကြောင်းအားပြောင်းရေးချင်လျှင် ကျောင်းသားများ စတ်ကျေနပ်စေရန် ပြောင်းရေးပေးပါ။ "နောက်တစ်ကြောင်း ဘာရေးမလဲ" ဟုမေးပါ။ ကျောင်းသားများပြောသည့် စာကြောင်းကိုသာရေးပါ။ (စာကြောင်းတိုသာဖြစ်စေရန် သတိပေးပါ။) ထိုသို့ဖြင့်စာကြောင်း(၅)ကြောင်း(၆)ကြောင်းကိုဆက်ရေးပါ။

(ခ) ပုံပြင်ရေးပြီးနောက်ကျောင်းသားများနှင့် အတူတူပြန်ဖတ်ပါ။

(ဂ) ပုံပြင်ကို စာရွက်ကြီးတစ်ခုပေါ်တွင် ရေးပြီး နံရံပေါ်တွင် ကပ်ထားပါ။

အတန်းဆင်းပြီးသည့်အခါတွင် အတွေ့အကြုံပုံပြင်ကို စာရွက်ကြီးတစ်ခုပေါ်တွင်ရေးပြီး နံရံပေါ်တွင်ကပ်ထားပါ။

**(ဂ) နားထောင်ရန်ပုံပြင်ဖတ်ခြင်း (၅-၇ မိနစ်)**

ပုံပြင်တိုတစ်ပုဒ်ကို ကျောင်းသာများအားဖတ်ပြပါ။

အတန်းမစခင်စိတ်ဝင်စားစရာကောင်းသောပုံပြင် ဒါမှမဟုတ် ရယ်စရာကောင်းသော ပုံပြင်တစ်ခုကိုရေးပါ။ သင်၏ စာအုပ်ထဲတွင် ရေးထားပါက နောက်ထပ်အတန်းတွင် ပြန်၍ အသုံးပြုနိုင်သည်။

ပုံပြင်ဖတ်စဉ်တွင် ကျောင်းသာများနားထောင်ရန်ပြောပါ။

ပုံပြင်ကိုဖတ်ပြပါမှ ကျောင်းသားများသည် ပုံပြင်အားအလွန် စိတ်ဝင်စားပေမည်။

ပုံပြင်ဖတ်ပြနေစဉ် (၂)ကြိမ်(၃)ကြိမ်ခဏရပ်ပြီး ကျောင်းသားများကို မေးခွန်းများမေးပါ။

ပုံပြင်ဖတ်ပြီးနောက် စဉ်စားရန်မေးခွန်းများကိုမေးပါ။

**(ဃ) ကိုယ်တိုင်ရေးပုံပြင် (၁၅-၂၀ မိနစ်)**

ကျောင်းသားတစ်ယောက်ချင်းစီ၏ပုံပြင်များ

၁။ လက်ရှိသင်ကြားသည့်အဓိကအကြောင်းအရာနှင့်
ပတ်သတ်သောပုံပြင် ခေါင်းစဉ်အကြောင်း ကျောင်းသားများစဉ်းစားရန်
ကျောင်းသားများအား ကိုယ်ပိုင်ပုံပြင်တစ်ပုဒ်ရေးရန်ပြောပါ။
တစ်ပတ်အတွင်းသင်ကြားသည့်အဓိက အချက်နှင့် ပတ်သတ်ပြီးတွေးတောရန် အားပေးပါ။
ကျောင်းသားများ အဓိကအကြောင်းနှင့်ပတ်သတ်သော ပုံပြင်ရှိသလား။
ခေါင်းစဉ်ကြီး (Theme)နှင့် ဆိုင်သည့် ကျောင်းသားများ၏ အတွေ့အကြုံကိုရေးစေပါ။ (သို့မဟုတ်) ခေါင်းစဉ်ကြီး (Theme)နှင့် ဆိုင်သည့် စိတ်ကူးတစ်ခုခုကိုရေးခိုင်းပါ။ ကျောင်းသားများအတွက်စာရေးပေးရန်မလိုပေ။

၂။ ကျောင်းသားမျးသည် ပုံပြင်ခေါင်းစဉ်အကြောင်းပုံဆွဲခြင်းအားဖြင့် ရေးသားခြင်း
ကျောင်းသားများအား ပုံပြင်အကြာင်းပုံဆွဲရန်နှင့် သူတို့၏ ပုံပြင်ကို ဖော်ပြမည့်စကားလုံးများရေးသားရန် အားပေးပါ။ ကျောင်းသာများ စာစတင်ရေးသားရာတွင် အားပေးမှုလိုအပ်သည်ကို သတိရပါ။ ကျောင်းသားများသည် သူတို့၏ ပုံပြင်များကို ပန်းချီရေးဆွဲခြင်းဖြင့် ဖော်ပြခြင်းကို ပိုနှစ်သက်လေ့ရှိသည်။ ပန်းချီဆွဲခြင်းကို အားပေးနိုင်သည်။ သို့သော် ပုံပြင်များကို စကားလုံးများဖြင့် အသုံးပြုရန်လည်း အားပေးနိုင်သည်။ ထို့နောက်မှတဆင့် စာကြောင်းရေးရန်အားပေးပါ။ နောက်ပိုင်း ကျွမ်းကျင်စွာ ရေးနိုင်သည့်အခါ စကားလုံးများ၊ စကားစုများ၊ ထို့နောက်တွင် စာကြောင်းများကို ပန်းချီနှင့်အတူ ရေးသားနိုင်သည်။

၃။ အတန်းဖော် တစ်ဦးနှင့်အတူ မိမိတို့၏ ပုံကိုပြောပြခြင်း
(၂)ယောက်တစ်တွဲစီခွဲလိုက်ပါ။
ကျောင်းသားတစ်ဦးစီတိုင်း မိမိပုံပြင်ကို အတန်းဖော် များအားပြပြီး ပြောပြစေပါ။
မိမိဆွဲထားသောပန်းချီပုံပြင်ကို ထောက်ပြီး အတန်းဖော် များအား
ပုံပြင်ဖတ်ပြနေသကဲ့သို့ဖတ်ပြရန် ကျောင်းသားများအားတိုက်တွန်းပါ။

ကျောင်းသားများသည် ဆရာ၊ဆရာမများနှင့်လည်းအတူ ပုံပြင်ဖတ်စေပါ။
ပုံပြင်ဖတ်ပြရန်သူတို့ကို အမြဲအားပေးပါ။ စာစသင်ချိန်၌ ကျောင်းသားများသည် စကားလုံးများကို အမှန်တကယ် ဖတ်ရှုတ်နေခြင်းမဟုတ်သည်ကို သတိရပါ။
သို့သော် ကျောင်းသားများသည် ဖြစ်ပျက်မှုအဆင့်ဆင့်ကို လေ့ကျင့်နေခြင်းဖြစ်ပြီး
အဓိပါယ်ကိုပါ လေ့လာသင်ယူခြင်းဖြစ်သည်။

## သဘောပေါက်နားလည်မှု ကဏ္ဍ
## ပုံပြင်အသုံးပြုသင်ကြားခြင်းနည်းလမ်း
## (ဒုတိယရက်)

**(က) အတူဖတ်ပုံပြင် (၂၀ မိနစ်)**

**အလှည့်ကျစုပေါင်းပုံပြင်ဖတ်ခြင်း**

၁။ မနေ့ကအတူတကွဖတ်ခဲ့သည့် ပုံပြင်ကို ကျောင်းသားများပြန်ပြောခြင်း
"မနေ့က ဖတ်ခဲ့တဲ့ပုံပြင်မှတ်မိလား" ဟုကျောင်းသားများအားမေးပါ။
"ပထမဦးဆုံးမှာ ဘာဖြစ်လဲ။"
ဖြစ်ပျက်ခဲ့သည့် ပထမပိုင်းကိုပြောပြပြီးနောက်ပိုင်း "နောက်ထပ်ဘာတွေဖြစ်လဲ။" မေးပါ။
ပုံပြင်အစမှ အဆုံးအထိတိုက်ခဲ့သို့မေးပါ။

၂။ စာဖတ်ခြင်းအစီအစဉ်(၅)ဆင့်အတိုင်းမနေ့ကပုံပြင်ကိုဖတ်ပါ။

၃။ ပုံပြင်ရှိစာကြောင်းတစ်ကြောင်းကိုတည်ဆောက်ခြင်း
- အတန်းမစမီ စာရွက်အပိုင်းပေါ်တွင် ပုံပြင်ထဲရှိ စာကြောင်းတစ်ကြောင်းမှ စကားလုံးများကိုရေးပါ။
  - (အတန်းသားအားလုံးမြင်နိုင်ရန် ထိုစာရွက်ကို စာရွက်ပေါ်တွင် စကားလုံးများကို ကြီးကြီးရေးပါ။
- ရွေးချယ်ထားသောစာကြောင်းကို ကျောက်သင်ပုန်းပေါ်တွင် စာလုံးကြီးကြီးဖြင့်ရေးပါ။
- ပါဝင်ချင်သည့်ကျောင်းသားများကို ခေါ်ပါ။ တစ်ယောက်ကို စာရွက်တစ်ရွက်သာပေးပါ။
- တစ်ယောက်ခြင်းစီအတွက် စာရွက်လေးများကို အစီအစဉ်လိုက်မပေးပါနှင့်၊
- မှန်ကန်သောစာကြောင်းတစ်ကြောင်း
  - တည်ဆောက်နိုင်ရန်အတွက် ကျောင်းသားများကိုယ်တိုင် နေရာတကျတန်းစီစေပါ။
- ပါဝင်သူကျောင်းသားများသည် မှန်ကန်စွာမတန်းစီနိုင်ပါက ကျန်အတန်းဖော်များကိုကူညီရန်ပြောစေပါ။
  - အတန်းဖော်များကူညီခြင်းအားဖြင့် မှန်ကန်စွာတန်းစီနိုင်မည်ဖြစ်သည်။
- ပါဝင်သများသည် ကျန်ရှိသည့်ကျောင်းသားများကို စာကြောင်းဖတ်ပြပါ။ ထို့နောက် အတူတကွ စာကြောင်းကို ဖတ်ပါ။

၄။ ပုံပြင်အားကျောင်းသားမျာ: သရုပ်ဆောင်ခြင်း
ပုံပြင်ကို သရုပ်ဆောင်မည့်ကျောင်းသားများကို ဖတ်ခေါ်ပါ။ အချိန်ရှိလျင် အဖွဲ့များဖွဲ့ပြီး အဖွဲ့တိုင်းကို ပုံပြင်အား သရုပ်ဆောင်ခိုင်းနိုင်သည်။ ကျောင်းသားများသည် ကိုယ်ကြိုက်သည့်ဇာတ်ကောင်ကို ရွေးချယ်ပြီး သရုပ်ဆောင်နိုင်သည်။

## (ခ) အတွေ့အကြုံပုံပြင်နှင့် ဖန်တီးရေးသားခြင်း (၂၀ မိနစ်)

**ကလေးများ၏အတွေ့အကြုံပုံပြင်ရေးခြင်း**

၁။ ကျောင်းသားများသည် မနေ့ကသင်ကြားခဲ့သည့် အတွေ့အကြုံပုံပြင်အားပြန်ပြောခြင်း
"မနေ့က ရေးခဲ့တဲ့ပုံပြင်မှတ်မိလား" ဟုကျောင်းသားများအားမေးပါ။
"ပထမဦးဆုံးမှာ ဘာရေးဖြစ်လဲ။"
ရေးခဲ့သည့် ပထမပိုင်းကိုပြောပြပြီးနောက်ပိုင်း "နောက်ထပ်ဘာတွေရေးသေးလဲ။" မေးပါ။
ပုံပြင်အစမှ အဆုံးအထိတိုက်ခဲ့သို့မေးပါ။

၂။ စာဖတ်ခြင်း အစီအစဉ်အတိုင်း စာရွက်ကြီးပေါ်တွင် ကျောင်းသားများရေးထားသော အတွေ့အကြုံ ပုံပြင်ကို ဖတ်ပါ။

၃။ စကားလုံးနှိုင်းယှဉ်ခြင်း လုပ်ဆောင်ခြင်း (စကားလုံး(၃)လုံးရွေးပါ။
- အတန်းမစခင်တွင် စိတ်ယင်စားစေသည့် စကားလုံး(၂)လုံး၊(၃)လုံးကို ပုံပြင်မှ ရွေးလိုက်ပါ။
- ပထမဦးဆုံးစကားလုံးကို ကျောက်သင်ပုန်းပေါ်တွင်ရေးပါ။
- ကျောင်းသားတစ်ဦးအား မနေ့ကအတွေ့အကြုံပုံပြင်ရေးထားသည့်စာရွက်ကြီးပေါ်တွင် ထိုစကားလုံးကို ရှာစေပါ။
- အခြားစကားလုံးများကို လည်းထိုကဲ့သို့ပြုလုပ်ပါ။

၄။ ဝါကျယှဉ်တွဲခြင်းလုပ်ဆောင်ခြင်း (ဝါကျ(၂)ကြောင်းကို ရွေးပါ။)
အမှတ်စဉ်(၃)အစီအစဉ်အတိုင်း ဝါကျများကို ယှဉ်တွဲခြင်း ပြုလုပ်ပါ။ ဝါကျကိုသာ အသုံးပြုရမည်။

## (ဂ) ကိုယ်တိုင်ရေးပုံပြင် (၂၀ မိနစ်)

**ဖန်တီးရေးသားခြင်း**

၁။ ကျောက်သင်ပုန်းပေါ်တွင် ပုံဆွဲနိုင်သည့်စကားလုံးတစ်လုံးကိုရေးခြင်း

ထိုစကားလုံးသည် ကျောင်းသားများ၏စိတ်ကူးထဲတွင် ပုံကိုအလွယ်တကူမြင်နိုင်ပြီး ရေးဆွဲနိုင်သည့် စကားလုံးသာဖြစ်ရန် သတိထားပါ။ ကျောင်းသားများ သင်ယူပြီးသားစကားလုံးဖြစ်ရမည်။ (သို့မဟုတ်) ရင်းနှီးပြီးသားဖြစ်ရမည်။ ခေါင်းစဉ်ကြီး (Theme) နှင့် ဆက်စပ်မှုရှိသော စကားလုံးသာ အသုံးပြုရမည်။

(၁ပတ်မှ ၅ပတ်အထိ)

၂။ ကျောင်းသားများ စကားလုံးကိုဖတ်ပြီး ရေးခြင်း

စာရေးရန် အားပေးပါ။ ကျောင်းသားများ ကိုယ်တိုင်မရေးနိုင်လျှင် ကူညီပေးပါ။

စာလုံးကိုဖွဖွလေးရေးပေးနိုင်သည်။ ကျောင်းသားမျာ်းသည် သင်ဖွဖွရေးထားသော စာလုံးများပေါ်တွင် ထပ်၍ရေးနိုင်သည်။ (သို့မဟုတ်) စာရွက်ပိုင်းပေါ်တွင် (သို့မဟုတ်) ကျောင်သင်ပုန်းပေါ်တွင် ရေးပြပြီး ကျောင်းသားများအား ကူညီပေးနိုင်သည်။

၃။ အဖွဲ့ငယ်များ (သို့မဟုတ်) တစ်ဦးချင်းစီ ကျောင်းသားများ ပန်းချီပုံပြင်များကို ဖတ်ပြခြင်းပြုလုပ်ပါ။

(ဖြေပတ်နောက်ပိုင်း)

၄။ စကားလုံးအကြောင်းကို ကျောင်းသားများ ပုံရေးဆွဲခြင်းနှင့် ပုံပြင်တိုရေးခြင်း

ကျောင်းသားများ၏ ပုံပြင်များသည် ပုံများ၊ စကားလုံးများ၊ စကားစုများနှင့် အကြောင်းအရာများဖြစ်နိုင်သည်။ ကျောင်းသားများ လွတ်လပ်စွာရေးသားချင်သည့် စိတ် ဖြစ်ရန်အားပေးပါ။

၅။ ကျောင်းသားများ၏ပုံနှင့် ပုံပြင်ကိုသူငယ်ချင်း (သို့မဟုတ်) အဖွဲ့များထံကိုဖတ်ပြနိုင်သည်။

## သဘောပေါက်နားလည်မှု ကဏ္ဍ
## ပုံပြင်အသုံးပြုသင်ကြားခြင်းနည်းလမ်း
## (ပြန်လှန်လေ့ကျင့်ခန်း)

**(က) အတူဖတ်ပုံပြင် (၂၀ မိနစ်)**

၁။ ကျောင်းသားများတစ်ပတ်အတွင်းမှပုံပြင် (၂)ပုဒ်ကို အတွဲလိုက် ဖတ်ကျင့်ခြင်း

ပုံပြင်တစ်ပုဒ်ကိုကျောင်းသား အဖွဲ့တိုင်းကိုပေးပါ။ (စာအုပ်ငယ်လေးများရှိခဲ့လျင်) ကျောင်းသားများပုံပြင်ကြည့်ပြီး တစ်ယောက်တစ်လှည့်စီ စာဖတ်လေ့ကျင့်စေပါ။ ပုံပြင်စာရွက်ကြီးသုံးလျင် ထိုစာရွက်ကြီးကို ကြည့်ပြီး တစ်လှည့်စီဖတ်ပါ။

၂။ စာဖတ်ခြင်းအစီအစဉ်အတိုင်း ပုံပြင်များကိုဖတ်ပါ။

၃။ ပုံပြင်မှ ဝါကျတည်ဆောက်ရန် ကျောင်းသားများအားစာရွက်လေးများကို ထားပေးခြင်း

(အပတ်စဉ်ဒုတိယနေ့သင်ကြားခြင်းမှ) အသုံးပြုခဲ့သောစာရွက်လေးများ (သို့မဟုတ်) ဝါကျအသစ်များကို အသုံးပြုနိုင်သည်။

ရွေးချယ်ထားသောဝါကျ၏ အစိတ်အပိုင်းကို စကားလုံးကြီးကြီးဖြင့် စာရွက်ပိုင်းများပေါ်တွင်ရေး၍ ပြင်ဆင်ထားပါ။

ပါဝင်သောကျောင်းသားတစ်ယောက်ချင်းစီကို စာရွက်ပိုင်းများပေးပါ။
စာရွက်ပိုင်းများပေးရာတွင် စီအစဉ်လိုက်မပေးပါနှင့်။

စာရွက်ပိုင်းများဖြင့် ဝါကျတည်ဆောက်ရန် မိမိတို့ ကိုယ်တိုင် အစီအစဉ်ချထားရန်ပြောပါ။

ပါဝင်သောမကျောင်းသားများကိုယ်တိုင် အစီအစဉ်မှန်ကန်စွာ မထားရှိနိုင်ပါက အတန်းဖော်များအား ဝါကျကို မှန်ကန်စွာ မည်သည့်နေရာတွင်ထားရမည်ကို မေးနိုင်သည်။

ဆရာနှင့် ပါဝင်သောကျောင်းသာများသည် အတန်းဖော်များအား ဝါကျကိုဖတ်ပြပါ။

ထိုနောက် ထိုကဲ့သို့ ဒုတိယပုံပြင်ကို လုပ်ဆောင်ပါ။

၄။ ပုံပြင်ဆစ်ပုံကိုကျောင်းသားများ သရုပ်ဆောင်ပါ။

**(ခ) အတွေ့အကြုံပုံပြင်နှင့်ဖန်တီးရေးသားခြင်း (၂၀ မိနစ်)**

၁။ ရေးသားခဲ့သောအတွေ့အကြုံပုံပြင်များကို အတူတကွဖတ်ခြင်း
ပုံပြင်တစ်ပုဒ်ကိုကျောင်းသားများအားဖတ်ပြပါ။ ထို့နောက်ကျောင်းသားများနှင့် အတူတကွဖတ်ပါ။
ဆရာ၏ အကူအညီမပါပဲ ကျောင်းသား(၂)ယောက်အားဖတ်ရန်ပြောပါ။ဒုတိယပုံပြင်ကိုလည်း ထိုကဲ့သို့ပြုလုပ်ပါ။

၂။ ပုံပြင်များမှ (၁)ပုဒ်အကြောင်းကို ကျောင်းသားများ ပုံဆွဲပြီး စာရေးခြင်း
ကျောင်းသားများမိမိကြိုက်နှစ်သက်ရာပုံပြင်တစ်ပုဒ်ကို ရွေးပါ။ကျောင်းသားများသည် ပုံပြင်မှ အကြောင်းကို ပန်းချီဆွဲပါ။

၃။ သူတို့၏ ပုံပြင်ကိုအဖွဲ့ ထဲတွင် ပြန်၍ဖတ်ပြစေပါ။

**(ဂ) အဖွဲ့လိုက်လုပ်ဆောင်ခြင်း (၁၀ မိနစ်)**

၁။ ကျောက်သင်ပုန်းပေါ်ရှိ စကားလုံးများကို ကျောင်းသားများသည် အခန်းပတ်ဝန်းကျင်ရှိ အရာများနှင့်ယှဉ်တွဲခြင်း

အတန်းမစခင် အခန်းတွင်းမှမတူညီသည့် အရာဝတ္ထု များ၏အမည်များကိုစာရွက်ပိုင်းလေးများတွင်ရေး၍ ထို အရာဝတ္ထုများပေါ်တွင်ကပ်ထားပါ။ (ဥပမာ- တံခါး၊ ပြတင်းပေါက်၊ စားပွဲခုန်၊ ခြေသုတ်) ကျောက်သင်ပုန်းပေါ် (သို့မဟုတ် စာရွက်ပိုင်းများ) ပေါ်တွင် အရာဝတ္ထုအမည်များနှင့်ယှဉ်တွဲမည့် စကားလုံးကို ရေးပါ။ ပါဝင်သောကျောင်းသားများသည် ရေးထားသည့်စကားလုံးကိုဖတ်ပြီး ကပ်ထားသည့် နေရာကို ရှာစေပြီး ယှဉ်တွဲခိုင်းပါ။ ထို့နောက် စကားလုံးကိုဖတ်စေပါ။

စကားလုံး (၆) လုံးမှ (၈)လုံးထိ ထိုကဲ့သို့ ပြုလုပ်စေပါ။

၂။ "ကျွန်တော်/ကျွန်မ ဘာလုပ်နေလဲ။ ခန့်မှန်းကြည့်ပါ။" ဟူသောကစားနည်းဖြင့်သင်ယူခြင်း

အတန်းမစခင် စာရွက်ပိုင်းလေးများပေါ်တွင်ရိုးရှင်းသော ညွှန်ကြားချက် (၃)ခု သို့မဟုတ် (၄)ခုကိုရေးထားပါ။ (အကယ်၍ ကျောင်းသားများစာမဖတ်တတ်သေးလျှင် ပုံဆွဲပြီး ပုံကိုဖတ်ခိုင်းပါ။)

ပါဝင်မည့်ကျောင်းသားများအားရွေ့ထွက်ရန် ဖိတ်ခေါ်ပါ။ ညွှန်ကြားချက်ပါသည့် စာရွက်ပိုင်းလေးကို ကျောင်းသားတစ်ယောက်စီကို ပေးပါ။ ဤကစားနည်းသည် တစ်ယေက်ခြင်း သို့မဟုတ် အဖွဲ့လိုက်လည်း ကစာနိုင်သည်။

ပါဝင်သောကျောင်းသားများက ညွှန်ကြားချက်အတိုင်း သရုပ်ဆောင်ပြရမည်။ သရုပ်ဆောင်ပြခြင်းကို အခြားသူများ ခန့်မှန်းနိုင်ခဲ့လျှင် ပါဝင်သူများထဲမှ တစ်ယောက်သည် ထိုစာရွက်ပိုင်လေးမှ စာကို အတန်းသားများအား ဖတ်ပြရမည်။

**(ဃ) တစ်ဦးချင်း စာဖတ်ချိန် (၁၀ မိနစ်)**

ကျောင်းသားတစ်ဦးသည် ပုံပြင်တိုများအားတစ်ယောကက်ထဲ သို့မဟုတ် အဖော်နှင့် ဖတ်ခြင်း

အဆင့်(၁) စာအုပ်ကို အလယ်၌ထားထားပါ။ (နောက်ပိုင်းအဆင့်(၂) စာအုပ်ကို သုံးပါ။) ကျောင်းသားသည် စာအုပ် တစ်အုပ်ကို ရွေးချယ်ပြီး ငြိမ်သက်စွာ စာဖတ်စေပါ။ အခန်းထဲတွင် သင်လှည့်ပတ်သည့်အခါ ဖတ်ရန် အကူအညီတောင်းသည့် ကျောင်းသားအားကူညီပါ။